ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီးဆားနှင့်ဆားထွက်ပစ္စည်းဆိုင်ရာနည်းဥပဒေများ

ရက်စွဲ။ ၂၀၁၄-ခုနှစ်၊ ဇူလိုင် လ ၁၇ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| ၁ | အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂ | အခန်း(၂) ထုတ်လုပ်မှုစီမံချက် | ၂ |
| ၃ | အခန်း(၃) ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင် | ၃ |
| ၄ | အခန်း(၄) အိုင်အိုဒင်းဆားချောထုတ်လုပ်ခွင့်လိုင်စင် | ၅ |
| ၅ | အခန်း(၅) လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ | ၇ |
| ၆ | အခန်း(၆) လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ ရက်လွန်ကြေးများ သတ်မှတ်ခြင်း | ၈ |
| ၇ | အခန်း(၇) စစ်ဆေးသူ၏ လုပ်ငန်းတာဝန်များ | ၈ |
| ၈ | အခန်း(၈) အရေးယူခြင်း | ၉ |
| ၉ | အခန်း(၉) အယူခံခြင်း | ၁၀ |
| ၁၀ | အခန်း(၁၀) အထွေထွေ | ၁၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၄**

**၁၃၇၆ ခုနှစ်၊ဝါဆိုလပြည့်ကျော် ၆ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇူလိုင် လ ၁၇ ရက်)**

**နိဒါန်း**

စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ ပုဒ်မ၃၀၊ပုဒ်မခွဲ(က)အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍အောက်ပါနည်းဥပဒေများကိုထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **စစ်ကိုင်းတိုင်းဒေသကြီး၊ဆားနှင့်ဆားထွက်ပစ္စည်း ဆိုင်ရာနည်းဥပဒေများ**ဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် **စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားနှင့် ဆားထွက်ပစ္စည်း ဥပဒေ**တွင်ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေကို ဆိုသည်။

(ခ) **အိုင်အိုဒင်းဆား**ဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊ စမ်း၊ ကန်၊ တွင်းရေ နှင့် သဲမြေတို့မှ အသုံးပြု၍ ထုတ်ယူရရှိသောဆားအားအိုင်အိုဒင်းဆေးရည် ဖြန်း၍ သတ်မှတ်စံချိန်စံညွှန်းမီ ပြည့်ဝသော ဆားကိုဆိုသည်။

(ဂ) **စားပွဲတင်ဆား**ဆိုသည်မှာသတ်မှတ်စံချိန်စံညွှန်းမီအိုင်အိုဒင်းပါဝင်သောဆားအားပေါင်ဒါမှုန့် ကဲ့သို့ပြန်လည်ကြိတ်ခွဲ၍အိမ်သုံးဆေးဝါးအဆင့်မီ၊ပို့ကုန်အဆင့်မီ၊ထုတ်လုပ်ထားသောဆား ကိုဆိုသည်။

(ဃ) **အိုင်အိုဒင်းဖြည့်ဆားရောအမျိုးမျိုး**ဆိုသည်မှာ သတ်မှတ်စံချိန်စံညွှန်းမီ အိုင်အိုဒင်းပါဝင်သော ဆားကို အခြေခံ၍ အခြားဓာတုပစ္စည်းများနှင့် ပေါင်းစပ်ထုတ်ယူရရှိသော လူသုံးကုန်ပစ္စည်း အမျိုးမျိုးကို ဆိုသည်။ (ဥပမာ၊ ဓါတ်ဆားမှုန့်ထုပ်၊သွားတိုက်ဆား၊ ငရုပ်ကောင်းဆား၊ ဆားခါး၊ အိုင်အိုဒင်းဆားပြား၊ ဆားဖျော်ရည်ထုပ်၊ စားပွဲတင်ဆားဗူးနှင့် အရွယ်အစားမျိုးစုံ ဆားထုပ် အမျိုးမျိုး)

(င) **အပိုဓါတ်ဆား**ဆိုသည်မှာဆားကိုအခြားဓါတုပစ္စည်းများနှင့်ပေါင်းစပ်၍ထုတ်ယူရရှိသော စက်မှုလုပ်ငန်းသုံးဓါတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ ဆားထုတ်ယူပြီး ကျန်ရှိသည့် ကြက်တက် ရည်မှထုထ်ယူရရှိသောဓါတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ပင်လယ်ရေ၊မြေအောက်ရေငန်

အင်းအိုင်၊စိမ့်စမ်း၊ကန်၊တွင်းရေနှင့်သဲမြေတို့ မှထုတ်ယူရရှိသောဆိုဒီယမ်နှင့်ပိုတက်ဆီယမ် ခါတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ရေမှော်အမျိုးမျိုးတို့ မှထုတ်ယူရရှိသော(**$MgSO_4$,$MgCl_2$, KCl,$Na_2SO_4$,$Na_2CO_3$**)စသည့်ဓာတုပစ္စည်းအမျိုးမျိုးကိုလည်းကောင်းဆိုသည်။

(စ) **လုပ်ငန်း**ဆိုသည်မှာ ဆား၊ အိုင်အိုဒင်းဆားသို့မဟုတ် အပိုခါတ်ဆားကို စီးပွားရေးအလို့ငှာ ထုတ်လုပ်သည့် လုပ်ငန်းကိုဆိုသည်။

(ဆ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ဆား၊ အိုင်အိုဒင်းဆားသို့မဟုတ် အပိုခါတ်ဆားကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခွင့်ပြုကြောင်း မြန်မာ့ဆားလုပ်ငန်းက ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် အဖွဲ့ အစည်းကို ဆိုသည်။

(ဇ) **ဆားထုတ်မြေ** ဆိုသည်မှာဆားသို့မဟုတ်အပိုခါတ်ဆားထုတ်လုပ်နိုင်ရန်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့်မြေကိုဆိုသည်။

(ဈ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်။ ယင်းစကားရပ် တွင် မြန်မာ့ဆားလုပ်ငန်းက အခါအားလျော်စွာသတ်မှတ်သည့် ပုံစံများလည်းပါဝင်သည်။

## အခန်း(၂)
## ထုတ်လုပ်မှုစီမံချက်

၃။ မြန်မာ့ဆားလုပ်ငန်းသည် တိုင်းဒေသကြီးအတွင်း စက်မှုလက်မှုလုပ်ငန်းများ၌ ဆားသို့မဟုတ်အပို ခါတ်ဆား လိုအပ်ချက် လုံလောက်စွာရရှိနိုင်ရေးနှင့် တိုင်းဒေသကြီးအတွင်း ပြည်သူတစ်ရပ်လုံး အိုင်အိုဒင်းဆား စားသုံးမှုဖူလုံရေးတို့ အတွက်ပုဂ္ဂလိကကဏ္ဍဆား၊အိုင်အိုဒင်းဆားနှင့်အပိုခါတ်ဆားထုတ်လုပ်မှု စီမံချက်ကိုရေးဆွဲ၍ အကောင် အထည်ဖော်ဆောင်ရွက်ရမည်။

၄။ မြန်မာ့ဆားလုပ်ငန်းသည် ဆား၊ အိုင်အိုဒင်းဆားနှင့်အပိုခါတ်ဆား ထုတ်လုပ်မှုစီမံချက်ကို အောက်ပါ ဦးတည်ချက်များ အပေါ်အခြေခံ၍ ရေးဆွဲရမည် -

(က) ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုခါတ်ဆားထုတ်လုပ်သည့် မြို့နယ်အလိုက် ထုတ်လုပ်နိုင် သည့် ပမာဏအပြည့်အဝ ထုတ်လုပ်နိုင်ရန်၊

(ခ) ထုတ်လုပ်သည့် ဧကသို့မဟုတ် ပမာဏကို နှစ်စဉ်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်၊

(ဂ) ထုတ်လုပ်မှုနှုန်း တိုးတက်ကောင်းမွန်နိုင်စေရန်၊

(ဃ) ပြည့်ဝသည့် အရည်အသွေးရရှိရေးအတွက် နည်းပညာရပ်များနှင့် အခြားအထောက်အကူများ ရရှိရေးကို ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားရန်၊

(င) ထုတ်လုပ်သည့်ဧကနှင့် ထုတ်လုပ်သည့် ပမာဏကို တိကျစွာသိရှိနိုင်ရန်၊

(စ) အရည်အသွေးအဆင့်အတန်း သိရှိနိုင်ရေး ဓါတ်ခွဲစမ်းသပ်စစ်ဆေးသွားရန်။

## အခန်း(၃)
## ဆားနှင့်အပိုဓါတ်ဆားထုတ်လုပ်ခွင့်လိုင်စင်

၅။ ဆား သို့မဟုတ် အပိုဓါတ်ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားသူသည် -

(က) လုပ်ငန်းလုပ်ကိုင်မည့်နေရာသည် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)အရ သတ်မှတ်ထားသည့် ဆားနယ်မြေအတွင်း မဟုတ်ပါက ဆား သို့မဟုတ် အပိုဓါတ်ဆားထုတ်လုပ်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်မည့်နေရာအတွက် သက်ဆိုင်ရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ထုတ်ပေးသည့် မြေပုံကိုတင်ပြနိုင်ရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်မည့်နေရာကို ပိုင်ဆိုင်ကြောင်းသို့မဟုတ် ယင်းနေရာတွင် လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထား စာရွက်စာတမ်းတင်ပြနိုင်ရမည်။

(ဃ) ဆား သို့မဟုတ် အပိုဓါတ်ဆားထုတ်လုပ်မည့် နည်းစနစ်ကိုဖော်ပြရမည်။

(င) ထွက်ရှိလာမည့် ဆား သို့မဟုတ် အပိုဓါတ်ဆားကို ထုတ်ပိုးသည့်**Logo** (တံဆိပ်)ပါအိတ်ခွံ၊ သိုလှောင်ထားရှိမည့်စနစ်နှင့် သိုလှောင်ရုံအဆောက်အအုံအမျိုးအစားကို တင်ပြရမည်။

(စ) လုပ်ငန်းအတွက် လိုအပ်သော လုပ်သားအင်အားရှိရမည်။

(ဆ) လုပ်ငန်းအတွက် လိုအပ်သော စက်နှင့်စက်ပစ္စည်းများ လုံလောက်စွာရှိရမည်။

(ဇ) ရောင်းချဖြန့်ဖြူးမည့် ပုံစံကို ဖော်ပြရမည်။

၆။ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာန သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင် ယင်းဌာန သို့မဟုတ် အဖွဲ့အစည်း၏ တာဝန်ခံ ပုဂ္ဂိုလ်၏ အမည်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်လျှင် ယင်း၏ အမည်ဖြင့်လည်းကောင်း လိုင်စင်ကို လျှောက်ထားရမည်။

၇။ ဆားသို့မဟုတ် အပိုဓါတ်ဆားထုတ်လုပ်လိုသူသည် အောက်ပါ သက်ဆိုင်ရာ လိုင်စင်အမျိုးအစားအလိုက် ယှဉ်တွဲဖော်ပြထားသော ပုံစံဖြင့်လျှောက်ထားရမည် -

(က) ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၁)

(ခ) အပိုဓါတ်ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၁)

၈။ လိုင်စင်လျှောက်ထားသူသည် သက်ဆိုင်ရာလျှောက်လွှာပုံစံတွင် ပါရှိသော အချက်အလက်များ ဖြည့်စွက်ဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ဖြင့် တိုင်း ဒေသကြီး၊ မန်နေဂျာသို့ လိပ်မူလျှောက်ထားရမည်။

၉။ တိုင်းဒေသကြီးမန်နေဂျာသည် လိုင်စင်လျှောက်လွှာကို လက်ခံရရှိလျှင် လျှောက်လွှာပါအကြောင်းအရာ အချက်အလက်များမှန်ကန်မှု ရှိ-မရှိ၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ၊ စစ်ဆေးတင်ပြရန် သက်ဆိုင်ရာစစ်ဆေးသူအား တာဝန်ပေးအပ်နိုင်သည်။

၁၀။ သက်ဆိုင်ရာစစ်ဆေးသူသည် လိုင်စင်လျှောက်လွှာပါအကြောင်းအရာ၊ အချက်အလက်များ မှန်ကန်ခြင်း ရှိ-မရှိ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိ ကွင်းဆင်းစစ်ဆေးပြီး မိမိ၏ စစ်ဆေးတွေ့ရှိချက်ကို သဘောထား မှတ်ချက်ဖြင့် တိုင်းဒေသကြီး မန်နေဂျာထံ ပြန်လည်တင်ပြရမည်။

၁၁။ တိုင်းဒေသကြီးမန်နေဂျာသည် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရပါက လိုင်စင်ထုတ်ပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရ အဖွဲ့၊ သစ်တောသတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးသို့ ခွင့်ပြုချက်တင်ပြတောင်းခံပြီး အောက်ပါ လိုင်စင်များကို ထုတ်ပေး နိုင်သည် -

(က) ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၂)

(ခ) အပိုခါတ်ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၃)

၁၂။ တိုင်းဒေသကြီးမန်နေဂျာသည် သက်ဆိုင်ရာ လိုင်စင် အမျိုးအစားအလိုက် ယှဉ်တွဲဖော်ပြထားသောပုံစံပါ လိုင်စင် စည်းကမ်းချက်များလည်း ပူးတွဲလျက် ထုတ်ပေးရမည်-

(က) ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၄)

(ခ) အပိုခါတ်ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၄)

၁၃။ ဆား သို့မဟုတ် အပိုခါတ်ဆားထုတ်လုပ်ခွင့်လိုင်စင်သက်တမ်းသည် တစ်နှစ်ဖြစ်သည်။ ရာသီဥတုကို တည်မှီ၍ ပွင့်လင်းရာသီ၌သာ လုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစားဖြစ်သဖြင့် လိုင်စင်ကာလကို နှစ်စဉ် ဇွန်လ (၁)ရက်နေ့မှ မေလ(၃၁)ရက်နေ့အထိ သတ်မှတ်သည်။

၁၄။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၆၀)ထက်မနည်း ကြိုတင်၍ လိုင်စင်သက်တမ်းတိုး တင်ပြလျှောက်ထားရမည်။

၁၅။ တိုင်းဒေသကြီးမန်နေဂျာသည်လိုင်စင်ရရှိသူကလိုင်စင်သက်တမ်းတိုးတင်ပြလာသည့်ကိစ္စတွင်အငြင်း ပွားမှုပေါ်ပေါက်ခဲ့ပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ သစ်တော၊သတ္တုနှင့်စွမ်းအင် ဝန်ကြီးဌာနဝန်ကြီးခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်းဆောင်ရွက်ခွင့်ရှိသည် -

(က) ထုတ်လုပ်မှုကျဆင်းခြင်းမရှိစေရေးအတွက် လက်ရှိလုပ်ကိုင်နေသူကိုကာလသတ်မှတ်၍ ယာယီ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း၊ တရားဝင်အထောက်အထား တင်ပြလာပါကထိုသူ၏အမည်ဖြင့် လိုင်စင်လဲလှယ် ထုတ်ပေးနိုင်သည်။

(ဂ) အခြားသူအား လုပ်ငန်းလုပ်ကိုင်ခွင့် လွှဲပြောင်းပေးရန်ဖြစ်ပါက ယာယီလုပ်ကိုင်ခွင့်ပြုထားသူကို လုပ်ငန်းတစ်ရာသီကုန်ဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုရမည်။

## အခန်း(၄)
## အိုင်အိုဒင်းဆားချောထုတ်လုပ်ခွင့်လိုင်စင်

၁၆။ ဆားကြမ်း ကြိတ်ခွဲသန့်စင်၍ အိုင်အိုဒင်းဆားချောထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားလိုသူသည်-

(က) ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာတင်ပြနိုင်ရမည်။

(ခ) ဆားကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့်လုပ်ငန်းအတွက် လိုအပ်သည့် ကြိတ်စက်၊ဗဟိုခွါစက်နှင့် လုပ်ငန်းသုံးအခြားစက်များရှိပြီးဖြစ်ရမည်။

(ဂ) လိုအပ်သောဆားရည်သန့်ကန်အရေအတွက်ရှိရမည်။

(ဃ) ကြိတ်ခွဲသန့်စင်သည့်ဆားကို သိုလှောင်ထားရှိနိုင်မည့်အဆောက်အအုံရှိရမည်။

(င) လုပ်ငန်းအတွက်လိုအပ်သောလုပ်သားအင်အားရှိရမည်။

(စ) ဓာတ်ခွဲခန်းရှိရမည်။

(ဆ) အိုင်အိုဒင်းဆေးရည်ဖြန်းစက်ရှိရမည်။

(ဇ) စားသုံးရန်အလို့ငှါထုတ်လုပ်သောဆားများတွင်အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့်အညီဖြည့်စွက်ရမည်။

၁၇။ လုပ်ငန်းလုပ်ကိုင်လိုသူသည် ဌာန၊ အဖွဲ့အစည်းဖြစ်လျှင် ယင်းဌာနအဖွဲ့အစည်း၏ တာဝန်ခံ ပုဂ္ဂိုလ် အမည်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဖြစ်လျှင် ယင်း၏အမည်ဖြင့်လည်းကောင်း လိုင်စင်ကိုလျှောက်ထားရမည်။

၁၈။ လိုင်စင်လျှောက်ထားသူသည် အောက်ပါလိုင်စင်အမျိုးအလိုက်ယှဉ်တွဲဖော်ပြထားသောပုံစံဖြင့်လျှောက် ထားရမည်-

| | | |
|---|---|---|
| (က) | အိုင်အိုဒင်းဆားချောထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၁) |
| (ခ) | စားပွဲတင်ဆားချောထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၁) |
| (ဂ) | အိုင်အိုဒင်းဖြည့်ဆားချော(ဆားထုပ်၊ ဆားဗူး)အမျိုးမျိုးထုတ်လုပ်ခွင့်လိုင်စင် | ပုံစံ(၁) |

၁၉။ လိုင်စင်လျှောက်ထားသူသည်သက်ဆိုင်ရာလျှောက်လွှာပုံစံများ၌ပါရှိသောအချက်အလက်များအား ဖြည့်စွက်ဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏သဘောထားမှတ်ချက်နှင့်တကွ တိုင်းဒေသကြီး မန်နေဂျာသို့လိပ်မူလျှောက်ထားရမည်။

၂၀။ တိုင်းဒေသကြီးမန်နေဂျာသည်လျှောက်လွှာလက်ခံရရှိလျှင်လျှောက်လွှာပါအကြောင်းအရာ၊အချက် အလက်များမှန်ကန်ခြင်းရှိ-မရှိ၊သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းရှိ-မရှိ၊ စစ်ဆေးတင်ပြရန် သက်ဆိုင်ရာ စစ်ဆေးသူအား တာဝန်ပေးအပ်နိုင်သည်။

၂၁။ သက်ဆိုင်ရာစစ်ဆေးသူသည် လိုင်စင်လျှောက်လွှာပါအကြောင်းအရာ အချက်အလက်များ မှန်ကန်ခြင်းရှိ-မရှိသတ်မှတ်ချက်များနှင့်ညီညွှတ်ခြင်းရှိ-မရှိကွင်းဆင်းစစ်ဆေးပြီး မိမိ၏စစ်ဆေးတွေ့ရှိချက်ကို သဘောထားမှတ်ချက်များဖြင့်တိုင်းဒေသကြီးမန်နေဂျာထံပြန်လည်တင်ပြရမည်။

၂၂။ တိုင်းဒေသကြီးမန်နေဂျာသည် လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်ညီညွှတ်ကြောင်းစီစစ်တွေ့ရှိပါက သက်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တု နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးသို့ ခွင့်ပြုချက် တင်ပြတောင်းခံပြီး အောက်ပါလိုင်စင် များကို ထုတ်ပေးနိုင်သည် -

(က) အိုင်အိုဒင်းဆားချောထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၅)

(ခ) စားပွဲတင်ဆားချောထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၆)

(ဂ) အိုင်အိုဒင်းဖြည့်ဆားချော(ဆားထုပ်၊ ဆားဗူး)အမျိုးမျိုးထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၇)

၂၃။ တိုင်းဒေသကြီးမန်နေဂျာသည် သက်ဆိုင်ရာလိုင်စင်အမျိုးအစားအလိုက် ယှဉ်တွဲ ဖော်ပြထားသော ပုံစံပါ လိုင်စင်စည်းကမ်းချက်များလည်း ပူးတွဲလျက်ထုတ်ပေးရမည် -

(က) အိုင်အိုဒင်းဆားချောထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၈)

(ခ) စားပွဲတင်ဆားချောထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၈)

(ဂ) အိုင်အိုဒင်းဖြည့် ဆားချော(ဆားထုပ်၊ ဆားဗူး)အမျိုးမျိုး ထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၈)

၂၄။ အိုင်အိုဒင်းဆားချော ထုတ်လုပ်ခွင့်လိုင်စင်သက်တမ်းသည် တစ်နှစ်ဖြစ်သည်။ စက်ရုံလုပ်ငန်းအမျိုးအစားဖြစ်သဖြင့် လိုင်စင် ကာလကို နှစ်စဉ် ဧပြီလ(၁)ရက်နေ့မှ မတ်လ(၃၁)ရက်နေ့ထိ သတ်မှတ်သည်။

၂၅။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း အနည်းဆုံး ရက်ပေါင်း (၆၀)ထက်မနည်း ကြိုတင်၍ လိုင်စင်သက်တမ်းတိုးတင်ပြလျှောက်ထားရမည်။

၂၆။ တိုင်းဒေသကြီး မန်နေဂျာသည် လိုင်စင်ရရှိသူက လိုင်စင်သက်တမ်းတိုးတင်ပြ လာသည့်ကိစ္စတွင် အငြင်းပွားမှုပေါ်ပေါက်ခဲ့ပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင် ဝန်ကြီးဌာန၊ ဝန်ကြီး ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ရှိသည် -

(က) ထုတ်လုပ်မှုကျဆင်းခြင်း မရှိစေရေးအတွက် လက်ရှိလုပ်ကိုင်နေသူကို ကာလသတ်မှတ်၍ ယာယီလုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း တရားဝင်အထောက်အထားတင်ပြလာပါက ထိုသူ၏ အမည်ဖြင့် လိုင်စင်လဲလှယ်ထုတ်ပေးနိုင်သည်။

(ဂ) အခြားသူအား လုပ်ငန်းလုပ်ကိုင်ခွင့် လွှဲပြောင်းပေးရန်ဖြစ်ပါက ယာယီလုပ်ကိုင်ခွင့်ပြုထားသူကို လုပ်ငန်းတစ်ရာသီ ကုန်ဆုံးသည်အထိ လုပ်ကိုင်ခွင့်ပြုရမည်။

## အခန်း(၅)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ

၂၇။ လိုင်စင်ရရှိသူသည် -

(က) မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့် လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ကြေးနှင့် ရက်လွန်ကြေးတို့ကို သတ်မှတ်ထားသော နှုန်းထားအတိုင်း ပေးဆောင်ရမည်။

(ခ) မြန်မာ့ဆားလုပ်ငန်းကထုတ်ပြန်သည့်ဥပဒေနှင့်လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင်မြန်မာ့ဆားလုပ်ငန်းကအခါအားလျော်စွာထုတ်ပြန်သည့်အမိန့် နှင့်ညွှန်ကြားချက်များကိုလည်းလိုက်နာရမည်။

(ဂ) မြန်မာ့ဆားလုပ်ငန်းက အခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များနှင့်အညီ ထုတ်လုပ်မှုဆိုင်ရာစာရင်းဇယားများကိုထားရှိရမည်။

(ဃ) လိုင်စင်သက်တမ်းမကုန်ဆုံးမီအကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရပ်စဲလိုလျှင် လုပ်ငန်းမရပ်စဲမီ တစ်လကြိုတင်၍မြန်မာ့ဆားလုပ်ငန်းသို့အကြောင်းကြားရမည်။

(င) စစ်ဆေးသူက မိမိလုပ်ငန်းကို လာရောက်စစ်ဆေးလျှင် စစ်ဆေးခြင်းကိုကြည်ဖြူစွာခံယူရမည်။

(စ) မြန်မာ့ဆားလုပ်ငန်းနှင့်သက်ဆိုင်သောစစ်ဆေးသူကတောင်းခံသော စာရင်းဇယားများကိုပေးအပ်ရမည်။

(ဆ) မိမိလုပ်ငန်းကိုကိုယ်တိုင်မလုပ်ဘဲ ကိုယ်စားလှယ်ဖြင့်လုပ်ကိုင်လိုပါက တိုင်းဒေသကြီးမန်နေဂျာ၏ ခွင့်ပြုချက် တောင်းခံရမည်။

(ဇ) တိုင်းဒေသကြီးမန်နေဂျာ၏ထောက်ခံချက်ဖြင့် ပြည်တွင်းချေးငွေများနှင့် အထောက်အပံ့အကူအညီများ ရယူနိုင်သည်။

(ဈ) ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားများ အရည်အသွေးအဆင့်မီစွာ ထုတ်လုပ်နိုင်ရေး နှင့်အထွက်နှုန်းတိုးတက်ကောင်းမွန်စေမည့်နည်းလမ်းများရရှိရေးအတွက် မြန်မာ့ဆားလုပ်ငန်း၏ အကူအညီဖြင့် နည်းပညာများရယူနိုင်ခွင့်ရှိသည်။

(ည) မိမိထုတ်လုပ်သော ဆား၊အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားများကို ပြည်တွင်း၌ လွတ်လပ်စွာရောင်းချနိုင်ခွင့်ရှိသည်။

(ဋ) မိမိထုတ်လုပ်သောဆား၊အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓာတ်ဆားများကို မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်သည့်အရည်အသွေးနှင့်ညီညွတ်ပါက သတ်မှတ်ချက်နှင့်အညီပြည်ပသို့တင်ပို့ရောင်းချနိုင်ခွင့်ရှိသည်။

## အခန်း(၆)
## လိုင်စင်ခ၊ လိုင်စင်အသစ်လဲလှယ်ကြေး၊ ရက်လွန်ကြေးများသတ်မှတ်ခြင်း

၂၈။ တိုင်းဒေသကြီးမန်နေဂျာသည် စစ်ကိုင်းတိုင်းဒေသကြီးဒအစိုးရအဖွဲ့၊သစ်တောသတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လိုင်စင်ခကို သတ်မှတ်ကောက်ခံနိုင်သည်။

၂၉။ တိုင်းဒေသကြီးမန်နေဂျာသည် ကောက်ခံရမည့် လိုင်စင်ခကို လုပ်ငန်းတည်ရှိရာနေရာဒေသများ ကို ခွဲခြားသတ်မှတ်၍ လိုင်စင်ခကို သတ်မှတ်ကောက်ခံနိုင်သည် ။

၃၀။ တိုင်းဒေသကြီးမန်နေဂျာသည် မူလသတ်မှတ်သည့် လိုင်စင်ခများနှင့် စပ်လျဉ်း၍ အောက်ပါအကြောင်းအချက်များပေါ်ပေါက်ပါက ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်လည်းကောင်း လိုင်စင်ရရှိသူများ နစ်နာမှုမရှိစေရန်လည်းကောင်း၊ လိုင်စင်ခများကို လျှော့ပေါ့၍ ပြင်ဆင်သတ်မှတ်ခြင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်သတ်မှတ်နိုင်သည် -

(က) ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ်အပိုဓါတ်ဆားကို လျာထားသတ်မှတ်ချက်ထက် ကျော်လွန်ထုတ်လုပ်၍ နှစ်စဉ် လိုင်စင်ခများကို မှန်မှန်ပေးသွင်းခြင်း၊

(ခ) ဆား၊ အိုင်းအိုဒင်းဆား သို့မဟုတ် အပိုဓါတ်ဆားထုတ်လုပ်ရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးနစ်နာမှုများအမှန်တကယ်ပေါ်ပေါက်ခြင်း။

၃၁။ တိုင်းဒေသကြီးမန်နေဂျာသည် အောက်ပါတို့ကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်

(က) လိုင်စင်အသစ်လဲလှယ်ကြေး၊

(ခ) ရက်လွန်ကြေး၊

(ဂ) လိုင်စင်ကတ်ပြားပျောက် ဒဏ်ကြေး၊

## အခန်း(၇)
## စစ်ဆေးသူ၏လုပ်ငန်းတာဝန်များ

၃၂။ တိုင်းဒေသကြီးမန်နေဂျာသည် တိုင်းဒေသကြီးဆားလုပ်ငန်းမှ ဝန်ထမ်းများကိုဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ အခြားဌာနမှ ဝန်ထမ်းများကိုဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း စစ်ဆေးသူအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၃၃။ စစ်ဆေးသူသည် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ်အပိုဓါတ်ဆားထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) လိုင်စင်လျှောက်လွှာတွင် ဖော်ပြထားသည့်အချက်အလက်များနှင့်ကိုက်ညီမှုရှိ-မရှိစစ်ဆေးခြင်း၊

(ခ) လုပ်ကိုင်ခွင့်ပြုသည့် ဆားထုတ်မြေ ဧရိယာ အတိုင်းလုပ်ကိုင်ခြင်း ရှိ-မရှိ စစ်ဆေးခြင်း၊

(ဂ) ထုတ်လုပ်ရမည့်ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓါတ်ဆား ပမာဏအတိုင်း ထုတ်လုပ်နိုင်ခြင်း ရှိ-မရှိ စစ်ဆေးခြင်း၊

(ဃ) ထုတ်လုပ်သည့်ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓါတ်ဆားများကို စနစ်တကျသိုလှောင်ထားခြင်း၊ စနစ်တကျထုပ်ပိုးခြင်း ရှိ-မရှိ စစ်ဆေးခြင်း၊

(င) မြန်မာ့ဆားလုပ်ငန်းက ညွှန်ကြားသည့်အတိုင်း ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများထားရှိခြင်း ရှိ-မရှိ စစ်ဆေးခြင်း၊

(စ) လိုင်စင်ရရှိသူ ကိုယ်တိုင် လုပ်ငန်းလုပ်ကိုင်ခြင်းမပြုဘဲ အခြားသူက လုပ်ကိုင်နေလျှင် တိုင်းဒေသကြီးမန်နေဂျာ၏ ခွင့်ပြုချက် ရှိ-မရှိ စစ်ဆေးခြင်း၊

(ဆ) ဆားထုတ်မြေအတွင်း ဆားထုတ်လုပ်ခြင်း လုပ်ငန်းအပြင်အခြားလုပ်ငန်းများ လုပ်ကိုင်နေခြင်း ရှိ-မရှိ စစ်ဆေးခြင်း၊

(ဇ) ဆားထုတ်မြေအတွင်း ဆားထုတ်လုပ်ခြင်းလုပ်ငန်းအပြင် အခြားလုပ်ငန်းလုပ်ကိုင်နေပါက ဆားထုတ်လုပ်မှုလျာထားချက်ကို ထိခိုက်နိုင်ခြင်း ရှိ-မရှိ စီစစ်တင်ပြခြင်း၊

(ဈ) ထုတ်လုပ်သည့် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓါတ်ဆားသည် သတ်မှတ်ထားသည့် အရည်အသွေးအဆင့် မီ-မမီ ဓါတ်ခွဲစစ်ဆေးနိုင်ရန် နမူနာ ရယူတင်ပြခြင်းနှင့် လိုအပ်ပါက ဓါတ်ခွဲစစ်ဆေးခြင်း၊

(ည) တိုးချဲ့လုပ်ကိုင်နိုင်မည့် ဆားထုတ်မြေ ရှိ-မရှိကို စစ်ဆေးခြင်းနှင့် တိုးချဲ့လုပ်ကိုင်နိုင်မည့် ဧရိယာကို စီစစ်တင်ပြခြင်း။

၃၄။ စစ်ဆေးသူသည် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓါတ်ဆားနှင့် စပ်လျဉ်း၍ အရည်အသွေးပြည့်မီခြင်းရှိ-မရှိ သိရှိနိုင်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) သိုလှောင်သည့်အဆောက်အဦးအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) သယ်ဆောင်သည့် ယာဉ်ကို ရပ်တန့်စစ်ဆေးခြင်း။

၃၅။ စစ်ဆေးသူသည် မိမိတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## အခန်း(၈)
## အရေးယူခြင်း

၃၆။ စစ်ဆေးသူသည် အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် တိုင်းဒေသကြီးမန်နေဂျာထံတင်ပြရမည် -

(က) လိုင်စင်မရှိဘဲ ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓါတ်ဆားကို စီးပွားဖြစ် ထုတ်လုပ်ခြင်း၊

(ခ) လိုင်စင်ရရှိသူက ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်း၊

(ဂ) လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူသည် မြန်မာ့ဆားလုပ်ငန်းက ထုတ်ပြန်ထားသည့်ဥပဒေနှင့် ဆားထုတ်လုပ်မှုဆိုင်ရာ အမိန့်၊ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း။

၃၇။ စစ်ဆေးသူသည် နည်းဥပဒေ ၃၆ အရ တင်ပြရာတွင် စစ်ဆေးတွေ့ရှိချက် သုံးသပ်ချက်၊ သဘောထား မှတ်ချက်များနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများကိုပါ ပူးတွဲတင်ပြရမည် -

(က) စွပ်စွဲခံရသူနှင့် သက်သေများ၏ ထွက်ဆိုချက်၊

(ခ) လိုအပ်ပါက ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သမျှ ထင်ရှားစေမည့် မှတ်တမ်းဓါတ်ပုံ၊ အခြား စာရွက်စာတမ်းအထောက်အထားများ၊

(ဂ) ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပထမအကြိမ် ကျူးလွန်ခဲ့ဘူးသောပြစ်မှုကို ထပ်မံ ကျူးလွန်ခြင်း ဖြစ်ပါက ယခင်ပြစ်မှုများ ကျူးလွန်ခဲ့ကြောင်း အထောက်အထား။

၃၈။ တိုင်းဒေသကြီးမန်နေဂျာသည် စစ်ဆေးသူက တင်ပြလာသော အစီရင်ခံစာအား မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အောက်ပါအတိုင်း ဒါဏ်ကြေးတပ်ရိုက်ခွင့်ကို တင်ပြ၍ ခွင့်ပြုမိန့်တောင်းခံရမည် -

(က) လိုင်စင်မရှိဘဲ ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓါတ်ဆား ထုတ်လုပ်ပါက သတ်မှတ်လိုင်စင် ကြေး၏လေးဆ ဒါဏ်ရိုက်၍ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းပြီး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊

(ခ) လိုင်စင်ရရှိသူက ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ပါက သတ်မှတ်လိုင်စင်ကြေး၏ ငါးဆ ဒါဏ်ရိုက်၍ နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် ပေးသွင်းခြင်း၊ လိုင်စင်ပြန်လည် သိမ်းဆည်း၍ ဆားထုတ်လုပ်မှုအား ရပ်ဆိုင်းခြင်း၊ သို့မဟုတ် ပထမအကြိမ်ခံဝန်ကတိဖြင့် လိုင်စင်ပြန်လည် ထုတ်ပေးခြင်း၊ဒုတိယအကြိမ်ကျူးလွန်ပါကဒါဏ်ကြေးငွေတစ်ဆယ်ဆနှင့်လုပ်ငန်းရပ်စဲခြင်း၊

(ဂ) လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက သတ်မှတ်လိုင်စင် ကြေး၏ သုံးဆ ဒါဏ်ရိုက်၍ နိုင်ငံတော် ဘဏ္ဍာငွေအဖြစ်ပေးသွင်းခြင်း၊

(ဃ) လိုင်စင်ရရှိသူက မြန်မာ့ဆားလုပ်ငန်းကထုတ်ပြန်ထားသည့်ဥပဒေနှင့် ဆားထုတ်လုပ်မှုဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ပါက သတ်မှတ်လိုင်စင်ကြေး၏ သုံးဆ ဒဏ်ရိုက်၍နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် ပေးသွင်းခြင်း။

၃၉။ တိုင်းဒေသကြီးမန်နေဂျာသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ချမှတ်သည့် အမိန့်နှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း(၉)

## အယူခံခြင်း

၄၀။ တိုင်းဒေသကြီးမန်နေဂျာ၏ချမှတ်သည့်အမိန့် သို့မဟုတ်ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည်ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ ရက်မှရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။

၄၁။ တိုင်းဒေသကြီးမန်နေဂျာကချမှတ်သည့် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံရာတွင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန် ထုတ်ပေးသည့်နေ့အထိ ကြန့်ကြာသည့်ကာလကို အယူခံခွင့်ပြုထားသော ကာလတွင် ထည့်သွင်းရေတွက်ခြင်းမပြုရ။

၄၂။ အယူခံသူသည် အယူခံလွှာကိုမှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန်နှင့်အတူတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ပေးပို့ရမည်။ စာတိုက်မှတဆင့် မှတ်ပုံတင်၍ပေးပို့ခြင်း ဖြစ်လျှင် ယင်းသို့ မှတ်ပုံတင်ပေးပို့သည့် နေ့ကို အယူခံလွှာတင်သွင်းသည့်နေ့အဖြစ် သတ်မှတ်ရမည်။

## အခန်း(၁၀)

## အထွေထွေ

၄၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အစိုးရဌာနတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတပ်ရပ်ရပ်အား ဤ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှကင်းလွတ်ခွင့်ပြုခြင်းသို့မဟုတ် လိုင်စင်ခသက်သာခွင့် ပြုခြင်းကို ကိစ္စရပ်တစ်ခုချင်းအလိုက် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်နိုင်သည်။

၄၄။ မြန်မာ့ဆားလုပ်ငန်းသည် ဆား၊ အိုင်အိုဒင်းဆား သို့မဟုတ် အပိုဓါတ်ဆားကိုအရည်အသွေးမီစွာ ထုတ်လုပ်နိုင်ရေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများရရှိရေးအတွက် နည်းပညာကို လိုင်စင် ရရှိသူများအား ဖြန့်ဖြူးပေးနိုင်ရန် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်မှုဆောင်ရွက်ပေး ရမည်။

၄၅။ မြန်မာ့ဆားလုပ်ငန်းကရရန်ရှိသော လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးငွေတို့ကို မြေခွန် မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် တိုင်းဒေသကြီးမန်နေဂျာက ဤကိစ္စအလို့ငှာ တာဝန်ပေး အပ်ထားသော ဝန်ထမ်းများအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။

(ပုံ)သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ပုံစံ(၁)

---------------------- **ထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာ**

**နည်းဥပဒေ ( ၇ ) ၊ နည်းဥပဒေ (၁၈)**

သို့

တိုင်းဒေသကြီးမန်နေဂျာ

မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း

ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

စစ်ကိုင်းမြို့

ရက်စွဲ၊ ခုနှစ်၊ လ ရက်။

အကြောင်းအရာ။ ---------------------- **ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ ---------------------------- ထုတ်လုပ်ခွင့်လိုင်စင်ကို အောက်ပါအချက်အလက်များ ဖော်ပြပြီး လျှောက်ထားအပ်ပါသည် -

(က) အမည် ----------------------------------------------------------------

(ခ) အဖွဲ့အစည်းအမည် --------------------------------------------------------

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား (တစ်ဦးတည်း/အစုစပ်/ကုမ္ပဏီပိုင်) ---------------------

(ဃ) နိုင်ငံသားစီစစ်ရေးကတ်အမှတ် ----------------------------------------------

(င) အသက်/မွေးသက္ကရာဇ် ----------------------------------------------------

(စ) အဖအမည် ------------------------------------------------------------

(ဆ) လူမျိုး/ကိုးကွယ်သည့်ဘာသာ ----------------------------------------------

(ဇ) နေရပ်လိပ်စာ --------------------------------------------------------

(ဈ) ထုတ်လုပ်လိုသော ဆားအမျိုးအစား -------------------------------------------

(ည) ထုတ်လုပ်မည့်ဧက ------------------------------------------------------

(ဋ) သုံးစွဲမည့် မြင်းကောင်ရေပါဝါ ----------------------------------------------

(ဌ) ထုတ်လုပ်မည့်နည်းစနစ် --------------------------------------------------

(ဍ) ထုတ်လုပ်မည့်ပမာဏ ----------------------------------------------------

(ဎ) အသုံးပြုမည့် **$KIO_3$** ------------------------------------------------------

(ဏ) ရောင်းချဖြန့်ဖြူးမည့်ပုံစံ -------------------------------------------------

(တ) ထုတ်လုပ်မည့်နေရာ/ကွင်းသို့မဟုတ် စက်ရုံအမှတ် -------------------------------

(ထ) သိုလှောင်ရုံအမျိုးအစားနှင့်အရွယ်အစား ---------------------------------------

(ဒ) သိုလှောင်နိုင်သည့် ပမာဏ ------------------------------------------------

(ဓ) လုပ်သားအင်အား -----------------------------------------------------

၂။ လျှောက်လွှာပါ ---------------------------- ထုတ်လုပ်မည့် မြေ/စက်ရုံအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ -------------------------- ထုတ်လုပ်မည့် မြေ/စက်ရုံ မြေပုံကို ပူးတွဲတင်ပြအပ်ပါသည်။

၄။ -------------------------- ထုတ်လုပ်မည့် မြေ/စက်ရုံနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၅။ မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ------------- -------------------- ထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပါက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊ -----------------------------

လျှောက်ထားသူအမည်၊ -----------------------------

**မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

## ဆားထုတ်လုပ်ခွင့်လိုင်စင်

**နည်းဥပဒ(၁၁)**

လိုင်စင်အမှတ်၊ --------------------------------

ထုတ်ပေးသည့်ရက်စွဲ၊ ---------------------------

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ-၁၁ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည် -

(က) အမည်၊ ----------------------------------------------------------------------------

(ခ) အသက်၊ ---------------------------------------------------------------------------

(ဂ) အဖအမည်၊ ------------------------------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ------------------------------------------------

(င) နေရပ်လိပ်စာ၊ ---------------------------------------------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား၊ -----------------------------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ၊ ---------------------------------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ/ကွင်းအမှတ်၊ ----------------------------------------

(ဈ) ထုတ်လုပ်ခွင့်ပြုသည့်ဧက ------------------------------------------------------------

(ည) ထုတ်လုပ်ခွင့်ပြုသည့်ပမာဏ ------------------------------------------------ ပိဿာ/တန်

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၃။ ဤလိုင်စင်သက်တမ်းသည် ( - ) ခုနှစ်အတွက်ဖြစ်ပြီး ခုနှစ်၊ ဇွန်လ(၁)ရက်နေ့မှစတင်၍ ခုနှစ်၊ မေလ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည်။

တိုင်းဒေသကြီးမန်နေဂျာ

မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း

ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

စစ်ကိုင်းမြို့

ပုံစံ(၃)

**မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

# အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်

**နည်းဥပဒေ(၁၁)**

လိုင်စင်အမှတ်၊ --------------------------------

ထုတ်ပေးသည့်ရက်စွဲ၊ ---------------------------

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ-၁၁ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည် -

(က) အမည်၊ ---------------------------------------------------------------------------

(ခ) အသက်၊ --------------------------------------------------------------------------

(ဂ) အဖအမည်၊ -----------------------------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ -------------------------------------------------------

(င) နေရပ်လိပ်စာ၊ -------------------------------------------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား၊ ---------------------------------------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ၊ -----------------------------------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ/ကွင်းအမှတ်၊ -------------------------------------------------

(ဈ) ထုတ်လုပ်ခွင့်ပြုသည့်ဧက --------------------------------------------------------------

(ည) ထုတ်လုပ်ခွင့်ပြုသည့်ပမာဏ ----------------------------------------------- ပိဿာ/တန်

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၃။ ဤလိုင်စင်သက်တမ်းသည် (          -          ) ခုနှစ်အတွက်ဖြစ်ပြီး          ခုနှစ်၊ ဇွန်လ(၁)ရက်နေ့မှစတင်၍          ခုနှစ်၊ မေလ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည်။

တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
စစ်ကိုင်းမြို့

ပုံစံ(၄)

## မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ------------------------ထုတ်လုပ်ခွင့်လိုင်စင်နှင့်စပ်လျဉ်းသည့်

## စည်းကမ်းချက်များ

### နည်းဥပဒေ(၁၂)

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာ နေရာဒေသတွင် မှန်ဘောင်သွင်း၍ မြင်သာထင်သာသော နေရာတွင် ချိတ်ဆွဲထားရမည်။ တာဝန်ရှိ ပုဂ္ဂိုလ်များ လာရောက် စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်ထားသော အခွန်အခများကို လုပ်ငန်းရာသီနှစ်အတွင်း အကြေပေးသွင်းရမည်။

၃။ ခွင့်ပြု ဧက(ဧရိယာ)နှင့်အညီ ထုတ်လုပ်ခွင့်ရှိသည်။

၄။ ထုတ်လုပ်ထွက်ရှိမှုနှင့် စပ်လျဉ်းသည့် စာရင်းဇယားများထားရှိပြီး တာဝန်ရှိ ပုဂ္ဂိုလ်များ လာရောက်စစ်ဆေးသည့်အခါ ထုတ်ပြရမည်။

၅။ မိမိလုပ်ငန်းမှ အမှန်တကယ် ထုတ်လုပ်သည့် ပမာဏစာရင်းကို ရာသီကုန်ဆုံး၍ လုပ်ငန်းပြီးစီးပါက နောက်ရက်သတ္တပတ်အတွင်း မြန်မာ့ဆားလုပ်ငန်းသို့ တင်ပြရမည်။

၆။ အရည်အသွေးကို လိုအပ်၍ ဓါတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခများကို မြန်မာ့ဆားလုပ်ငန်းသို့ ပေးသွင်းရမည်။

၇။ အရည်အသွေးအဆင့်မီ ထုတ်လုပ်ရမည်။

၈။ ဤလိုင်စင်ကတ်ကို မသက်ဆိုင်သူအား လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
စစ်ကိုင်းမြို့

# မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

## အိုင်အိုဒင်းဆားချော ထုတ်လုပ်ခွင့်လိုင်စင်

## နည်းဥပဒေ(၂၂)

လိုင်စင်အမှတ်၊ ---------------------------------

ထုတ်ပေးသည့်ရက်စွဲ၊ ---------------------------

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ-၂၂ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား အိုင်အိုဒင်းဆားချော ထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည် -

(က) အမည်၊ ---------------------------------------------------------------------------

(ခ) အသက်၊ -------------------------------------------------------------------------

(ဂ) အဖအမည်၊ ----------------------------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ----------------------------------------------------

(င) နေရပ်လိပ်စာ၊ -----------------------------------------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား၊ -----------------------------------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ၊ ----------------------------------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ/စက်ရုံအမှတ်၊ ---------------------------------------------

(ဈ) ထုတ်လုပ်ခွင့်ပြုသည့်ပမာဏ ------------------------------------------------ ပိဿာ/တန်

(ည) အသုံးပြုသည့်အိုင်အိုဒင်းဆေးရည်------------------------------------------- ပိဿာ/တန်

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၃။ ဤလိုင်စင်သက်တမ်းသည် ( - ) ခုနှစ်အတွက်ဖြစ်ပြီး ခုနှစ်၊ ဧပြီလ(၁)ရက်နေ့ မှစတင်၍ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည်။

တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
စစ်ကိုင်းမြို့

ပုံစံ(၆)

**မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

# စားပွဲတင်ဆားချော ထုတ်လုပ်ခွင့်လိုင်စင်

**နည်းဥပဒေ(၂၂)**

လိုင်စင်အမှတ်၊ ---------------------------------

ထုတ်ပေးသည့်ရက်စွဲ၊ ----------------------------

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ-၂၂ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား စားပွဲတင်ဆားချော ထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည် -

(က) အမည်၊ ---------------------------------------------------------------------------------

(ခ) အသက်၊ -------------------------------------------------------------------------------

(ဂ) အဖအမည်၊ ---------------------------------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ---------------------------------------------------------

(င) နေရပ်လိပ်စာ၊ ------------------------------------------------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား၊ ---------------------------------------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ၊ ------------------------------------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ/စက်ရုံအမှတ်၊ -------------------------------------------------

(ဈ) ထုတ်လုပ်ခွင့်ပြုသည့်ပမာဏ -------------------------------------------------- ပိဿာ/တန်

(ည) အသုံးပြုသည့်အိုင်အိုဒင်းဆေးရည်-------------------------------------------- ပိဿာ/တန်

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၃။ ဤလိုင်စင်သက်တမ်းသည် ( - ) ခုနှစ်အတွက်ဖြစ်ပြီး ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစတင်၍ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည်။

တိုင်းဒေသကြီးမန်နေဂျာ

မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း

ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

စစ်ကိုင်းမြို့

**နည်းဥပဒေ(၂၂)**

**မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

# အိုင်အိုဒင်းဖြည့်ဆားချော (ဆားထုပ် ၊ ဆားဗူး)အမျိုးမျိုးထုတ်လုပ်ခွင့်လိုင်စင်

**နည်းဥပဒေ(၂၂)**

လိုင်စင်အမှတ်၊ --------------------------------

ထုတ်ပေးသည့်ရက်စွဲ၊ ---------------------------

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ဆားလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပုဒ်မ-၂၂ အရ အောက်အမည်ပါ လုပ်ငန်းရှင်အား အိုင်အိုဒင်းဖြည့်ဆားချော (ဆားထုပ်၊ ဆားဗူး)အမျိုးမျိုးထုတ်လုပ်ခွင့် လိုင်စင်ကို ထုတ်ပေးလိုက်သည် -

(က) အမည်၊ ----------------------------------------------------------------------

(ခ) အသက်၊ ----------------------------------------------------------------------

(ဂ) အဖအမည်၊ -------------------------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ---------------------------------------------------

(င) နေရပ်လိပ်စာ၊ ----------------------------------------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား၊ --------------------------------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ၊ ---------------------------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ/စက်ရုံအမှတ်၊ -----------------------------------------

(ဈ) ထုတ်လုပ်ခွင့်ပြုသည့်ပမာဏ -------------------------------------------- ပိဿာ/တန်

(ည) အသုံးပြုသည့် အိုင်အိုဒင်းဆေးရည်------------------------------------------ ပိဿာ/တန်

၂။ လိုင်စင်ရရှိသူသည် ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၃။ ဤလိုင်စင်သက်တမ်းသည် ( - ) ခုနှစ်အတွက်ဖြစ်ပြီး ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစတင်၍ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည်။

တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
စစ်ကိုင်းမြို့

ပုံစံ(၈)

မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

-------------------------ထုတ်လုပ်ခွင့်လိုင်စင်နှင့်စပ်လျဉ်းသည့်

# စည်းကမ်းချက်များ

နည်းဥပဒေ(၂၃)

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာ နေရာဒေသတွင် မှန်ဘောင်သွင်း၍ မြင်သာထင်သာသော နေရာတွင် ချိတ်ဆွဲထားရမည်။ တာဝန်ရှိ ပုဂ္ဂိုလ်များ လာရောက်စစ်ဆေးသောအခါ ပြသရမည်။

၂။ တည်ဆဲဥပဒေအရ မြန်မာ့ဆားလုပ်ငန်းက သတ်မှတ်ထားသော အခွန်အခများကို ဘဏ္ဍာရေးနှစ်အတွင်း အကြေပေးသွင်းရမည်။

၃။ ခွင့်ပြုပေးထားသော ပမာဏနှင့်အညီ ထုတ်လုပ်ခွင့်ရှိသည်။

၄။ ထုတ်လုပ်မှုနှင့် စပ်လျဉ်းသည့် စာရင်းဇယားများ ထားရှိရမည်။

၅။ ဓါတ်ခွဲခန်းထားရှိရမည်။

၆။ မိမိလုပ်ငန်းမှ အမှန်တကယ် ထုတ်လုပ်သည့် ပမာဏစာရင်းကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ရက်သတ္တပတ်အတွင်း မြန်မာ့ဆားလုပ်ငန်းသို့ တင်ပြရမည်။

၇။ အရည်အသွေးမီ အိုင်အိုဒင်းဆား (၄၀ ပီပီအမ်မှ ၆၀ ပီပီအမ်အတွင်း)ထုတ်လုပ်ရမည်။ အသုံးပြုရမည်။

၈။ ထုတ်လုပ်သော အိုင်အိုဒင်းဆားများ၏ အရည်အသွေးကို အကြောင်းအမျိုးမျိုးကြောင့် ဓါတ်ခွဲစစ်ဆေးရပါက ကျသင့်သော ဓါတ်ခွဲခများကို မြန်မာ့ဆားလုပ်ငန်းသို့ ပေးသွင်းရမည်။

၉။ ဤလိုင်စင်ကတ်ပြားကို မသက်ဆိုင်သူအား လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
စစ်ကိုင်းမြို့